# နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာစစ်ကောင်စီ၏ ရာဇဝတ်မှုများကို အစိုးရရှေ့နေထံ လွှဲပြောင်းတင်သွင်းရန်လို

## အဖွဲ့ဝင်နိုင်ငံများ ICC တရားရုံး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဖွဲ့ဝင်နိုင်ငံပါတီများ ညီလာခံအတွက် စုဝေး

(ဘန်ကောက်၊ ဒီဇင်ဘာလ ၄ ရက်နေ့၊ ၂၀၂၃ ခုနှစ်) — နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံတကာ တရားမျှတမှု စီမံအုပ်ချုပ်မှုတွင် မျှတခြင်းမရှိသော စံနှုန်းများကို ကိုင်တွယ်ဖြေရှင်းသင့်ပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောအခြေအနေအများအား ရောမစာချုပ် (Rome Statute) ရဲ့ အပိုဒ် ၁၄ အရ နိုင်ငံတကာ ရာဇဝတ်ခုံရုံးအစိုးရရှေ့နေထံ လွှဲပြောင်းတင်သွင်းပေးသင့်ကြောင်း Fortify Rights မှ ယနေ့ ပြောကြားခဲ့ပါသည်။ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၁၄ ရက်နေ့အထိ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) မှ ထူထောင်ထားသည့် သဘောတူစာချုပ်ဖြစ်သည့် ရောမစာချုပ်အား လက်မှတ်ရေးထိုး အတည်ပြု သို့မဟုတ် လက်ခံသဘောတူထားသည့် နိုင်ငံပေါင်း ၁၂၄ နိုင်ငံမှ ကိုယ်စားလှယ်များသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ တရားရုံး၏ အုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ပါတီများညီလာခံ၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြမည်ဖြစ်သည်။

"မြန်မာစစ်ကောင်စီနဲ့ သူတို့ကိုအားပေးထောက်ခံသူတွေဟာ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုတွေနဲ့ လူမျိုးတုံးသတ်ဖြတ်မှုတွေ အပါအဝင် ရက်စက်ကြမ်းကြုတ်တဲ့ နိုင်ငံတကာ ရာဇဝတ်မှုတွေအတွက် အချိန်အတော်ကြာ အရေးယူခံရခြင်းကနေ ကင်းလွတ်ခွင့်ရနေကြတာပဲဖြစ်တယ်" ဟု Fortify Rights ၏ အမှုဆောင်အရာရှိချုပ် Matthew Smith က ပြောကြားခဲ့သည်။ "ရောမစာချုပ်ပါ အပိုဒ် ၁၄ ကို အသုံးပြုပြီး နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) အဖွဲ့ဝင်

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

နိုင်ငံများသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် အဆိုးရွားဆုံး ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် အစိုးရရှေ့နေချုပ်ထံ တောင်းဆိုနိုင်ပါတယ်။ ဒါကို အချိန်ဆွဲမနေဘဲ လုပ်ဆောင်သင့်ပါပြီ။”

ယခုနှစ်သည် ရောမစာချုပ် (Rome Statute) ၏ ၂၅ နှစ်မြောက်နှစ်ဖြစ်သည်။ ယနေ့တွင် Fortify Rights သည် တရားရုံး၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ နိုင်ငံတကာ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) အဖွဲ့ဝင်နိုင်ငံများကို အခွင့်အာဏာပေးသည့် ရောမစာချုပ်ရဲ့ အပိုဒ် ၁၄ ကို သက်ဝင်လှုပ်ရှားသည့် အန်နီမေးရှင်းဗွီဒီယို ရှင်းပြချက်ဖြင့် ထုတ်ပြန်ခဲ့သည်။ အန်နီမေးရှင်းပါ ရှင်းပြချက်သည် အပိုဒ် ၁၄ ကို လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်နှင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် အတားအဆီးများကို ကျော်လွှားနိုင်မှု သို့မဟုတ် ICC ၏ ကနဦးအတည်ပြုဆုံးဖြတ်ပေး တဲ့ တရားရုံး (pre-trial chamber) ထံမှ ကြိုတင်ခွင့်ပြုချက်လိုအပ်ခြင်းကဲ့သို့သော ပိတ်ဆို့ခြင်းများကို ကျော်လွှား နိုင်မှုအပါအဝင် ၎င်းရောမစာချုပ်ရဲ့ အပိုဒ် ၁၄ ၏ ထူးခြားသောအားသာချက်များကို အကြမ်းဖျင်း ဖော်ပြထားပါသည်။ ဤလုပ်ငန်းစဉ်သည် ရက်စက်ကြမ်းကြုတ်သော နိုင်ငံတကာ ရာဇဝတ်မှုများ အတွက် တာဝန်ခံမှုရှာဖွေနေသော နိုင်ငံများနှင့် အခြားအဖွဲ့အစည်းများ ရင်ဆိုင်နေရသော အခြေခံ ကျတဲ့အတားအဆီးများကို လျှော့ချနိုင်သည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင်  နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) မှ တရားလိုရှေ့နေချုပ် ထံသို့ ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကြပ်နှင်ထုတ်ခြင်း အပြင် နှိပ်စက်ညှဉ်းပန်း ခြင်းနှင့် အခြားလူမဆန်သောလုပ်ရပ်များ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် စီရင်ပိုင်ခွင့်အာဏာကို ခွင့်ပြုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ state party (ရောမစာချုပ်တွင် သဘောတူ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံ) ဖြစ်နေပြီး မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံမဟုတ်ကြောင်းနှင့် အတင်းအကြပ်နှင်ထုတ် ခြင်းမှာ နိုင်ငံနှစ်ခုလုံးအနေဖြင့် ပါဝင်ပတ်သက်သည့် ရာဇဝတ်မှုတစ်ခု ဖြစ်ကြောင်း စသည့်အချက် အလက်များအပေါ် အခြေခံနေသည်။

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ICC အစိုးရရှေ့နေသည် ဘင်္ဂလားဒေ့ရှ်ပိုင်နက်မြေတွင် ပါဝင်ပတ်သက်သည့် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှု စတင်ခဲ့သည်။ မကြာသေးမီအချိန်အထိပင် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် အရေးယူဆောင်ရွက်မှုများနှင့် ပတ်သက်၍ ICC ၏ တရားစီရင်ပိုင်ခွင့်အတွက် အခြေခံလုပ်ဆောင်ချက်ပင် မရှိကြောင်း သိရသည်။ သို့သော် ဤအချက်သည် မမှန်ကန်တော့ပေ။

မြန်မာနိုင်ငံသည် ICC အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော ခေါင်းဆောင်များကို ကိုယ်စားပြုသည့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) အနေဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် တရားရုံး၏ မှတ်ပုံတင်အရာရှိထံ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့က စတင်၍ နောင်ကာလများ ထိတိုင် မြန်မာပိုင်နက်မြေပေါ် ကျူးလွန်ခဲ့တဲ့ နိုင်ငံတကာ ရာဇဝတ်မှုတွေနဲ့ ပတ်သက်ပြီး တရားစီရင်ပိုင်ခွင့်ကို လက်ခံသည့် ကြေငြာချက် ၁၂(၃) ကို လျှောက်ထားခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် နိုင်ငံတကာဥပဒေအရ ICC အား တရားဝင်တရားစီရင်ပိုင်ခွင့်ကို မည်ကဲ့သို့ပေးအပ်နိုင်ကြောင်းကို စာမျက်နှာ ၄၆ မျက်နှာပါ တရားဥပဒေဆိုင်ရာ စိစစ်ချက်တစ်ခုတွင်Fortify Rights မှ သက်သေပြခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ၁၂(၃) ကြေငြာချက်သည် ICC အဖွဲ့ဝင်နိုင်ငံများအတွက် မြန်မာနိုင်ငံရှိ အခြေအနေနှင့် ရောမစာချုပ်အပုဒ် ၁၄ ကို အစိုးရရှေ့နေထံ လွှဲပြောင်းပေးရန် လမ်းဖွင့်ပေးထားသည်။ ယင်းသို့ လွှဲပြောင်းပေးခြင်းများသည် မြန်မာနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ပြစ်မှုများကို ICC က စုံစမ်းစစ်ဆေးရန် လှုံ့ဆော်ပေးသည့် တိုက်ရိုက်အကျဆုံးနှင့် အထိရောက်ဆုံး ယန္တရားဖြစ်သည်။

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) အဖွဲ့ဝင်နိုင်ငံများသည် မကြာသေးမီက ယူကရိန်းအခြေအနေ အတွက် ICC အဖွဲ့ဝင်မဟုတ်သောနိုင်ငံများတွင် ဖြစ်ပေါ်နေသောအခြေအနေများအပါအဝင် အပိုဒ် ၁၄ ကို အကြိမ်ကြိမ် လွှဲပြောင်းတင်သွင်းပေးခဲ့သည်။ ယူကရိန်းသည် မြန်မာနိုင်ငံကဲ့သို့ပင် ICC အဖွဲ့ဝင်နိုင်ငံမဟုတ်သော်ငြားလည်း ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ အစပြု၍ ယူကရိန်း ပိုင်နက်ပေါ်တွင် ကျူးလွန်နေသည့် နိုင်ငံတကာ ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာကို လက်ခံသည့် ၁၂(၃) ကြေညာချက်ကို Kyiv ရှိ အစိုးရက ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၌ တင်သွင်းခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရုရှား၏ ယူကရိန်းကို မကြာသေးမီက ကျူးကျော်မှုပြီး နောက် ချက်ချင်းဆိုသလိုပင် ICC အဖွဲ့ဝင် ၄၃ နိုင်ငံက ယူကရိန်း၏ အခြေအနေကို ICC အစိုးရရှေ့နေ Karim Khan အား လွှဲပြောင်းပေးခဲ့သည်။ တစ်ဖန် ၂၀၂၂ ခုနှစ်၊ မတ်လတွင် ယူကရိန်းတွင် ကျူးလွန်ခဲ့ သော တရားရုံး၏ တရားစီရင်ပိုင်ခွင့်အတွင်း ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် အစိုးရရှေ့နေက စတင်လုပ်ဆောင်ခွင့် ဖွင့်ပေးခဲ့ကြောင်း ကြေညာခဲ့သည်။ ၂၀၂၃ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ICC သည် ရုရှားသမ္မတ Vladimir Putin နှင့် ၎င်း၏ကော်မရှင်နာတစ်ဦးဖြစ်သည့် Maria Lvova-Belova တို့ကို ဖမ်းဝရမ်းထုတ်ခဲ့သည်။

မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို အပြည့်အဝ စုံစမ်းစစ်ဆေးဖို့အတွက် အလားတူ လမ်းစဉ်အတိုင်း ICC အဖွဲ့ဝင်နိုင်ငံတွေက အရေးတကြီး လုပ်ဆောင်သင့်တယ်လို့ Fortify Rights က ပြောပါသည်။

နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သည် စစ်ရာဇဝတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်သည့် ပြစ်မှုတွေ၊ လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင် အပြင်းထန်ဆုံး နိုင်ငံတကာရာဇဝတ်မှုများအတွက် တစ်ဦးချင်းစီကို ရာဇဝတ်ပြစ်မှုသဘော တာဝန်ခံစေရန် ၂၀၀၂ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရန် ကြိုးပမ်းသည့်အချိန်မှစ၍ မြန်မာစစ်ကောင်စီသည်

နိုင်ငံတကာရာဇဝတ်မှုများအပါအဝင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ပြစ်မှုတွေကို ကျူးလွန်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ အခြားအဖွဲ့အစည်းများသည်လည်း နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ တရားစီရင်ပိုင်ခွင့်အတွင်း ကျရောက်နိုင်သည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကိုလည်း ကျူးလွန်ခဲ့ကြသည်။

"နိုင်ငံတကာ ရာဇဝတ်ခုံရုံး(ICC) ၏ အဖွဲ့ဝင်နိုင်ငံတွေဟာ မြန်မာနိုင်ငံမှာ အချိန်ကြာနေပြီဖြစ်တဲ့ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသေးသည့် သံသရာကို အဆုံးသတ်ဖို့ အခွင့်အလမ်းရှိပါတယ်" ဟု Matthew Smith က ပြောကြားခဲ့သည်။ "မြန်မာပြည်သူတွေရဲ့ ရင်ထဲမှာ တစ်ကမ္ဘာလုံးက သူတို့ကို စွန့်ပစ်လိုက်ပြီလို့ ခံစားနေကြရတယ်၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ အဖွဲ့ဝင်နိုင်ငံတွေက ဒါကို ပြောင်းလဲဖို့နဲ့ နိုင်ငံတကာ တရားမျှတမှု စီမံအုပ်ချုပ်မှုနဲ့ ပတ်သက်ပြီး ညီမျှမှုမရှိသော စံနှုန်းများကို တိုက်ဖျက်ဖို့ အခွင့်အရေးရှိပါတယ်။ ICC အဖွဲ့ဝင်နိုင်ငံတွေက မြန်မာနိုင်ငံက အခြေအနေတွေကို အစိုးရရှေ့နေချုပ်ဆီ ချက်ချင်းမလွှဲပြောင်းပေးသင့်လောက်အောင် ခုခံချေပနိုင်တဲ့ အကြောင်းပြချက် မရှိပါဘူး။"

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

**သတင်းအချက်အလက်များ ပိုမို သိရှိလိုပါက ဆက်သွယ်ရန် -**

**Matthew Smith**, အမှုဆောင်အရာရှိချုပ်, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)

+1 202 503 8032 (U.S.)

အီးမေးလ် - Matthew.Smith@FortifyRights.org

တွစ်တာ/X - @MatthewFSmith, @FortifyRights

Patrick Phongsathorn, Senior Advocacy Specialist, Fortify Rights

ဘာသာစကား - အင်္ဂလိပ်နှင့် ထိုင်းဘာသာစကား

+66 94 696 8477, (Signal)

Email: Patrick.Phongsathorn@FortifyRights.org

Twitter: @Patrick_Phongsa, @FortifyRights